ミャンマー語

## နိုင်ငံခြားတွင်မွေးဖွားသူများအတွက်

# ရင်ဘတ် X-ray စစ်ဆေးမှု

စစ်ဆေးခ
**0 ယန်း**
အခမဲ့


တီဘီရောဂါကို လျှင်မြန်စွာတွေ့ရှိရန်အတွက်
ရင်ဘတ် X-ray စစ်ဆေးမှုကို ပြုလုပ်ပါ။

## စစ်ဆေးမှု လုပ်ငန်းစဉ်

**1** မြို့နယ်ကောင်စီရုံးတွင်ကြိုတင်စာရင်းပေးပါ




**2** စစ်ဆေးမည့်နေရာသို့သွားပါ



**3** X-ray စစ်ဆေးမှုကို ခံယူပါ



**4** စာအိတ်ဖြင့် အဖြေပို့လာပါလိမ့်မည်



**◯ စစ်ဆေးခံနိုင်သည့်သူများ**

တီဘီရောဂါအဖြစ်များသည့်တိုင်းပြည်တွင်မွေးဖွားသော ၁၆နှစ်အထက်သူများ

**✕ စစ်ဆေးခံ၍ မရနိုင်သည့်သူများ**

- ချောင်းဆိုးပြီးသလိပ်ထွက်နေသူများ၊ အပူချိန်ရှိသူများ၊ ရင်ဘတ်နာနေသူများ။
- ကုမ္ပဏီနှင့်ကျောင်းရှိ ကျန်းမာရေးစစ်ဆေးမှုတွင် ရင်ဘတ် X-ray စစ်ဆေးမှုကို ခံယူခဲ့သူများ
- ၃လအတွင်း ရင်ဘတ် X-ray စစ်ဆေးမှုကို ခံယူခဲ့သူများ

တီဘီနှင့်ပတ်သတ်ပြီး
မေးမြန်းစရာများရှိပါက အနောက်ဘက်သို့


**မေးမြန်းစုံစမ်းရန်**

南区役所 健康づくり係（４階４１番）

電話(Telephone) 045－341－1185
メール(Mail) mn-kenkou@city.yokohama.lg.jp

# တီဘီ ဆိုတာ ဘယ်လိုရောဂါလဲ?

▶ **တီဘီပိုးကြောင့် အဆုတ်ရောင်ရမ်းသောရောဂါဖြစ်ပါသည်။**

## တီဘီလက္ခဏာများ

ရောဂါလက္ခဏာက ၂ပတ်ဆက်ပြနေပါက ဆေးရုံသို့သွားပါ။



ချောင်းဆိုး၊ သလိပ်



ကိုယ်အနည်းငယ်ပူခြင်း




ခန္ဓာကိုယ်က လေးလံသကဲ့သို့ခံစားရခြင်း

စသည့်

## တီဘီသည် ကူးပါသလား

▶ **ချောင်းဆိုး၊နှာရှည်ခြင်းဖြင့် ကူးနိုင်ပါသည်။**



ချောင်းဆိုး၊နှာရှည်ခြင်းကြောင့်တံတွေး၊နှာရည်စက်များနှင့်အတူ
တီဘီပိုးများသည် လေထဲတွင် ပျံ့လွင့်ပါသည်။
ပျံ့လွင့်နေသောပိုးကို အနီးတွင်ရှိသောသူက ရှူမိပါက ကူးပါသည်။

## တီဘီသည် ကုသ၍ရပါသလား။

▶ **ဆေးဖြင့် ကုသ၍ရပါသည်။**



ဆေးမျိုးစုံကို ၆လ မှ ၉လကျော်အထိ နေ့စဉ်သောက်ရပါမည်။ ရောဂါလက္ခဏာမရှိတော့သော်လည်းသတ်မှတ်ထားသောရက်အထိဆေးကိုသောက်ရပါမည်။ တဝက်တပျက်ဖြင့် ရပ်လျှင် မပျောက်ပါ။

<၂၀၂၄ နှစ် ၂ လပိုင်း ထုတ်ဝေ>

ယိုကိုဟားမားမြို့ ဆေးဘက်ဆိုင်ရာဌာန